## နော်ဝေးဘာသာစကား နှင့် လူမှုဆက်ဆံရေးအသိပေးပညာ သင်တန်း သင်ယူရမည့်တာဝန် နှင့်ဆိုင်သော သတင်းအချက်လက်များ

### နော်ဝေးဘာသာစကား နှင် လူမှုဆက်ဆံရေးအသိပေးပညာ သင်တန်း သင်ယူရမည့်တာဝန်

နော်ဝေး နိုင်ငံရှိနေထိုင်ခွင့် ကြောင့် အောက်ပါ အခွင့်အရေးများကို လျှောက်ထားနိုင်ပါသည်။

- အမြဲနေထိုင်ခွင့် နှင့် (သို့ မဟုတ်)
- နိုင်ငံသားဖြစ်ခွင့်

အမြဲနေထိုင်ခွင့် နှင့် (သို့ မဟုတ်) နိုင်ငံသားဖြစ်ခွင့် ရရှိချင်ပါက နာရီပေါင်း ၃၀၀ ပါ အောက်ပါသင်တန်းများကို တက်ရောက်ရပါမည်။

- နော်ဝေးဘာသာ စကား (နာရီ ၂၅၀)
- လူမှုဆက်ဆံရေး အသိပေးဘာသာရပ် (နာရီ ၅၀)

ဤတာဝန် သည် လျှောက်လွှာတင်ထားချိန်တွင် အသက် ၅၅ နှစ်သို့ မဟုတ် ၅၅ နှစ် အထက်ကျော်သူများအတွက်  မပါဝင်ပါ။

သင်တန်းကြေးကိုမိမိကိုယ်တိုင် ပေးဆောင်ရပါမည်။

အောက်ပါ အကြောင်းပြချက်များ ဖြင့် ဤတာဝန်မှလွတ်ရန် လျှောက်ထားခွင့် ရှိပါသည်။

- နော်ဝေးဘာသာစကား သို့ မဟုတ် စာမီး (Samisk) ဘာသာစကားတတ်ကျွန်းကြောင်း အထောက်အထားပြနိုင်ပါက (သို့ မဟုတ်)
- ထူးခြားသည့်ကျန်းမာရေး အခြေအနေကြောင့် (သို့ မဟုတ်)အခြားသော လေးလံသည့် အခက်အခဲများကြောင့်

### လက်တွေ့ ကျသောသတင်းအချက်အလက်

သင်တန်းသို့ ဝင်ရောက်ရန် သို့ မဟုတ် သင်တန်းမှလွတ်မြောက်ခွင့် ရရှိချင်ပါက သင် နေထိုင်သော မြို့နီစပယ် (Kommune)ရှိ အရွယ်ရောက်သူများဘာသာစကားသင်တန်း ကျောင်း(Voksenopplæring) တွင်သင် ကိုယ်တိုင် ဆက်သွယ်ရမည်ဖြစ်ပါသည်။

ဤ www.imdi.no နှင့် www.udi.no အင်တာနက် စာမျက်နှာများတွင်လည်း အထက်ပါအချက်များနှင့် သက်ဆိုင်သော အကြောင်းများ တွေ့ ရှိနိုင်ပါသည်။